Meat Industry Employees' Superannuation Fund

# MIESF သည် ဩစတြေးလျားနိုင်ငံ တစ်ဝန်းရှိ အသားလုပ်ငန်းဆိုင်ရာ လုပ်သားများအတွက် စက်မှုလုပ်ငန်းဆိုင်ရာ အိုနာစာ ရန်ပုံငွေဖြစ်သည်။









၂၀၂၃ ခုနှစ် နိုဝင်ဘာလ

Meat Industry Employees' Superannuation Fund (အသားလုပ်ငန်း ဝန်ထမ်းများ၏ အိုနာစာ ရန်ပုံငွေ) ABN 17 317 520 544 ၏ ဂေါပက အဖွဲ့အစည်းအဖြစ်၊ Meat Industry Employees' Superannuation Fund Pty Ltd (အသားလုပ်ငန်း ဝန်ထမ်းများ၏ အိုနာစာ ရန်ပုံငွေ ပီတီဝိုင် လီမိတက်) ABN 58 005 793 199 AFSL 239953 မှ ထုတ်ဝေသည်။
MySuper တရားဝင် ခွင့်ပြုချက် 173175205 44110

# MIESF သည် အသားလုပ်ငန်းတွင် လုပ်ကိုင်နေကြသူများအတွက် ကောင်းမွန်သော ရွေးချယ်မှုဖြစ်ရသည့် အကြောင်းရင်း ၆ ခုမှာ အောက်ပါတို့ဖြစ်သည်။

## ၁။ MIESF တွင် ခိုင်မာသော ရင်းနှီးမြှုပ်နှံမှု စွမ်းဆောင်ရည်ရှိသည်။

MIESF ၏ MySuper ရွေးချယ်မှုက ဩစတြေးလျားရှိ ထိပ်တန်းအကျဆုံး MySuper အာမခံ အမျိုးအစားများအနက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ရှိခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင်၊ ကျွန်ုပ်တို့၏ MySuper ရင်းနှီးမြှုပ်နှံမှုများအရ ရရှိခဲ့သော အမြတ်ဝေစုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁-နှစ်ကာလတွင် ၈.၀% *

၃-နှစ်ကာလတွင် နှစ်စဉ် ပျမ်းမျှ ၇.၈ % *

၅-နှစ်ကာလတွင် နှစ်စဉ် ပျမ်းမျှ ၇.၀% *

၇-နှစ်ကာလတွင် နှစ်စဉ် ပျမ်းမျှ ၇.၈ % *

၁၀-နှစ်ကာလတွင် နှစ်စဉ် ပျမ်းမျှ ၇.၈ % *

** အမြတ်ဝေစုများသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခကြေးငွေများ၊ ကုန်ကျစရိတ်များနှင့် အခွန်များကို နုတ်၍ ကျန်ရှိသော အသားတင်ဖြစ်သည်၊ သို့သော် စီမံခန့်ခွဲရေးဆိုင်ရာ အခကြေးငွေများနှင့် ကုန်ကျစရိတ်များ မပါဝင်ပါ။*

## ၂။ အခကြေးငွေ ပေးရခြင်းကို နှိုင်းယှဉ်ရာတွင် MIESF ကို အခြားသူများနည်းတူ သို့မဟုတ် ၎င်းတို့အောက် လျှော့ပေးရပါသည်။

အမြတ်အစွန်းအားလုံးကို အဖွဲ့ဝင်များအားပေးသည့် စက်မှုလုပ်ငန်း အိုနာစာ ရန်ပုံငွေ အဖွဲ့အစည်းတစ်ခုအနေနှင့် MIESF သည် အခကြေးငွေ ပေးရခြင်းကို နှိုင်းယှဉ်ရာတွင် အခြားသူများနည်းတူ သို့မဟုတ် ၎င်းတို့အောက် လျှော့နည်းစေရန် တာဝန်ခံပါသည်။
ကျွန်ုပ်တို့၏ MySuper အာမခံ အမျိုးအစားအတွက် စီမံခန့်ခွဲမှုစရိတ်နှင့် ကုန်ကျစရိတ်များမှာ တစ်ပတ်လျှင် ဒေါ်လာ ၂.၃၅ အပြင် တစ်နှစ်လျှင် ကုန်ကျမှု ပြန်လည်ရယူခ မှာ ၀.၁၈% နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခကြေးငွေများနှင့် ကုန်ကျစရိတ်များ ခန့်မှန်းခြေမှာ ၀.၄၃% ဖြစ်သည်။

## ၃။ MIESF သည် APRA ၏ Your Future, Your Super (သင့်အနာဂတ်၊ သင့်ရန်ပုံငွေ) ဆိုင်ရာ စွမ်းဆောင်ရည် စစ်ဆေးစမ်းသပ်မှုကို ထပ်မံ အောင်မြင်ခဲ့သည်။

ကျွန်ုပ်တို့၏ MySuper သည် ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးခဲ့သော ၈ နှစ် ကျော်ကာလအထိ ရရှိခဲ့သည့် နှစ်စဉ် အမြတ်ဝေစု၏ ၇.၅% သည် APRA ၏ နောက်ဆုံးထွက် Your Future, Your Super စွမ်းဆောင်ရည် အကဲဖြတ်မှုတွင် အဆင့်ဝင်မှု မြင့်မားခဲ့ပါသည်။ ကျွန်ုပ်တို့၏ MySuper စွမ်းဆောင်ရည် သည် အခြား MySuper အာမခံ အမျိုးအစားများနှင့် နှိုင်းယှဉ်က မည်ကဲ့သို့ စွမ်းဆောင်မှုရှိခဲ့ခြင်းကို သိရှိရန် ATO ဝက်ဘ်ဆိုက်တွင် သင်ကိုယ်တိုင် ကြည့်ပါ။

သင်သည် Your Future, Your Super ၏ စွမ်းဆောင်ရည် စစ်ဆေးမှု ရလဒ်ကို အွန်လိုင်းအရ အောက်ပါတွင် တွေ့ရှိနိုင်ပါသည်။
**www.ato.gov.au/yoursuper-comparison-tool**

*အတိတ်ကာလက စွမ်းဆောင်ရည်သည် အနာဂတ် စွမ်းဆောင်ရည်အတွက် ယုံကြည်စိတ်ချရသော အညွှန်းမဟုတ်ကြောင်းကို သတိချပ်ပါ။*

*သင့် အမြတ်ဝေစုနှင့် အခကြေးငွေများသည် သင့်ကိုယ်ပိုင် အခြေအနေများ ပေါ်တွင် မူတည်ပါသည်။*
*APRA အချက်အလက်များနှင့် အဆင့်သတ်မှတ်ချက်များ ပြောင်းလဲနိုင်ပါသည်။*

## ၄။ MIESF တွင် အာမခံ အလိုအလျောက် ရှိပြီးဖြစ်သည်။

အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များသည် MIESF တွင် အသင်းဝင်သည့်အခါတွင် မနုတ်ထွက်က၊ ကန့်သတ်ချက်အချို့ အပေါ်မူတည်ပြီး ၎င်းတို့အား Death, Terminal Illness and Total and Permanent Disability (TPD) Insurance (သေဆုံးခြင်း၊ ရောဂါ ကျွမ်းနေပြီဖြစ်သော နာမကျန်းမှု၊ လုံးဝနှင့် အမြဲတမ်းအတွက် မသန်စွမ်းမှုဆိုင်ရာ အာမခံ) ကို အလိုအလျောက် ထုတ်ပေးပါသည်။

အသက် ၅၅ နှစ်အောက်ရှိသည့် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များသည် သေဆုံးမှုနှင့် ရောဂါကျွမ်းနေပြီဖြစ်သော နာမကျန်းမှုဆိုင်ရာ အာမခံ ဒေါ်လာ ၂၀၀၀၀၀ အထိ ရနိုင်ပါသည်။

အသက် ၅၅ နှစ်နှင့် ၆၄ နှစ်အကြားရှိသည့် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များသည် သေဆုံးမှုနှင့် ရောဂါကျွမ်းနေပြီဖြစ်သော နာမကျန်းမှုဆိုင်ရာ အာမခံ ဒေါ်လာ ၁၀၀၀၀၀ အထိ ရနိုင်ပါသည်။

အသက် ၆၅ နှစ်နှင့် ၆၉ နှစ်အကြားရှိသည့် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များသည် သေဆုံးမှုဆိုင်ရာ အာမခံ ဒေါ်လာ ၃၅၀၀၀ အထိ ရနိုင်ပါသည်။

အသက် ၃၀ နှစ်အောက်ရှိသည့် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များသည် လုံးဝနှင့် အမြဲတမ်းအတွက် မသန်စွမ်းဖြစ်မှုဆိုင်ရာ အာမခံ ဒေါ်လာ ၁၅၀၀၀၀ အထိ ရနိုင်ပါသည်။ TPD အာမခံ အဆင့်သည် အသက် ၃၀ မှ အသက် ၆၄ နှစ် အကြားရှိကြသူများအတွက် လျင်မြန်စွာ လျော့နည်းသွားပြီး အသက် ၆၅ နှစ်မှ စတင်၍ သုညဖြစ်သည်။

*အဖွဲ့ဝင်၏ အသက်နှင့် အာမခံ ထားထားသော ပမာဏတို့ပေါ်မူတည်၍ အာမခံ ကုန်ကျစရိတ်ကို ကာမိစေရန် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်တစ်ဦးစီ၏ စာရင်းမှ ငွေပမာဏတစ်ခုကို နုတ်ယူပါသည်။*

*အာမခံ ခံစားခွင့် ပမာဏနှင့် ၎င်းကို အာမခံသူမှ ပေးချေရမည့် အချိန်ကာလတို့ အပေါ် အာမခံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ၏ အကျိုးသက်ရောက်မှုရှိပါသည်။ ကန့်သတ်ချက်များ သို့မဟုတ် ချန်လှပ်ထားမှုများ အပါအဝင် စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များဆိုင်ရာ အချက်အလက်များကို သိရှိရန်အတွက်၊ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သော နောက်ဆုံးထွက် အာမခံ စာစောင်ကို မှီငြမ်းပါ။*

## ၅။ အလုပ်ပြောင်းတော့မည်လား သို့မဟုတ် အငြိမ်းစားယူတော့မည်လား။

အကယ်၍ သင်အလုပ်ပြောင်းပါက MIESF သည် သင်ရွေးချယ်ထားသော ရန်ပုံငွေဖြစ်ကြောင်းကို သင့်အလုပ်ရှင်အား ပြောခြင်းအားဖြင့် သင့် MIESF ရန်ပုံငွေဆိုင်ရာ အလုပ်များကို သင့်အတွက် ဆက်ထားနေနိုင်စေပါမည်။ သင့်ရန်ပုံငွေကို သင့်အလုပ်ရှင်အသစ်ထံတွင် MIESF နှင့်အတူ ဆက်လက်ထားသွားရန် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့က သင့်အား ကူညီနိုင်ပါသည်။ အကယ်၍ သင် အငြိမ်းစားယူရန် စဉ်းစားနေပါက၊ MIESF သည် ၎င်း၏အဖွဲ့ဝင်များအား အငြိမ်းစားအပိုင်းကို ပေးသည်။

**ကျွန်ုပ်တို့၏ လုပ်ဆောင်နေသော အငြိမ်းစားယူခြင်းဆိုင်ရာ အာမခံ အမျိုးအစားအကြောင်းကို ကျွန်ုပ်တို့နှင့် ပြောဆိုဆွေးနွေးပါ။**

## ၆။ MIESF သည် သင် ယုံကြည်စိတ်ချရသော အဖွဲ့အစည်းဖြစ်သည်။

MIESF သည် ဩစတြေးလျားနိုင်ငံတစ်ဝန်းမှ အသားလုပ်ငန်းဆိုင်ရာ လုပ်သားများအား နှစ်ပေါင်း ၄၀ ကျော် ဂုဏ်ယူစွာ ကူညီပံ့ပိုးပေးခဲ့ပြီး ရရှိသမျှ အမြတ်အစွန်းအားလုံးကို အဖွဲ့ဝင်များအား ပြန်အမ်းသည့် လုပ်ငန်းဆိုင်ရာ အိုနာစာ ရန်ပုံငွေ အဖွဲ့အစည်းဖြစ်ပါသည်။ ဩစတြေးလျားနိုင်ငံတစ်ဝန်းရှိ အလုပ်ရှင် ၃၀၀၀ နီးပါးသည် ၂၀၂၂/၂၃ ခုနှစ်ကာလ တစ်လျှောက်လုံး MIESF ကို အသုံးပြုခဲ့သည်။

## သင် မည်ကဲ့သို့ အဖွဲ့ဝင်နိုင်သနည်း။

သင့်အလုပ်ရှင်နှင့် တိုက်ရိုက်စကားပြော၍ သင့်အိုနာစာ ရန်ပုံငွေကို MIESF သို့ ပေးခိုင်းနိုင်ပါသည်။ သို့မဟုတ် MIESF ဝက်ဘ်ဆိုက် **www.miesf.com.au** ၌ကြည့်ပြီး Nomination of MIESF as my Choice of Fund form (MIESF ကို ကျွန်ုပ်၏ ရန်ပုံငွေအဖြစ် ရွေးချယ်သည့် ပုံစံ) ကို ဒေါင်းလုဒ် လုပ်ပြီး (အင်တာနက်မှ ကူးယူပြီး) သင့် အလုပ်ရှင်အား ပေးလိုက်ပါ။

## ပိုမိုပြီး သိလိုပါသလား။

သင့်အိုနာစာ ရန်ပုံငွေ၊ သင့်အာမခံနှင့် သင့်အိုနာစာ ရန်ပုံငွေပင်စင်ကို စီမံခန့်ခွဲရာတွင် လိုအပ်သော အထွေထွေ အကူအညီကိုပေးရန် ကျွန်ုပ်တို့ အသင့်ရှိနေပါသည်။

**ကျွန်ုပ်တို့၏ ဖော်ရွေသော ဝန်ထမ်းများအား (တနင်္လာနေ့မှ သောကြာနေ့ အတွင်း) 1800 252 099 ၌ ဖုန်းဆက်ပါ သို့မဟုတ် www.miesf.com.au တွင် ကြည့်ပါ။**

ဤစာရွက်စာတမ်းသည် ထုတ်ဝေသည့်နေ့စွဲတွင် အချိန်နှင့် တစ်ပြေးညီ ရှိပြီး အပြောင်းအလဲရှိနိုင်ပါသည်။ ၎င်းတွင် သင့်ရည်မှန်းချက်များ၊ ငွေကြေးအခြေအနေ သို့မဟုတ် လိုအပ်ချက်များကို ထည့်သွင်း မစဉ်းစားထားဘဲ ပြင်ဆင်ပေးထားသော အထွေထွေ အချက်အလက်များ သို့မဟုတ် အကြံဉာဏ်များပါရှိသည်။

၎င်းကို မလုပ်ဆောင်မီ သင့်ရည်မှန်းချက်များ၊ ငွေကြေးအခြေအနေ သို့မဟုတ် လိုအပ်ချက်များနှင့်ပတ်သက်သည့် အကြံဉာဏ်များ၏ သင့်လျော်မှုကို သင့်အနေနှင့် ထည့်သွင်းစဉ်းစားသင့်သည်။

MIESF သို့မဟုတ် ကျွန်ုပ်တို့၏ အငြိမ်းစားယူခြင်းဆိုင်ရာ အာမခံ အမျိုးအစားအကြောင်းနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချသောအခါ၊ **www.miesf.com.au** တွင်ရှိသော MIESF ၏ အာမခံ အမျိုးအစား ဆိုင်ရာ ထုတ်ဖော်ပြောဆိုချက်များနှင့် ပစ်မှတ် ဈေးကွက်ဆိုင်ရာ သတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားပါ။အသက် ၅၅ နှစ်နှင့် ၆၄ နှစ် အကြားရှိသည့် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များသည် သေဆုံးမှုနှင့် ရောဂါကျွမ်းနေပြီဖြစ်သော နာမကျန်းမှုဆိုင်ရာ အာမခံ ဒေါ်လာ ၁၀၀၀၀၀ အထိ ရနိုင်ပါသည်။